
၁၉၅၀ ခုနှစ်ဝန်းကျင်က စိတ်ဝင်စားဖွယ်အဖြစ်အပျက်များ၊
နေ့စားသတင်းထောက်ဘဝမှ ကြေးမုံသတင်းစာကို စတင်တည်ထောင်ခဲ့ရပုံများမှစတင်၍
ကြေးမုံချိတ်ပိတ်ခဲ့ရသည့်အထိ အကြောင်းအရာများကို
ပွင့်ပွင့်လင်းလင်း တင်ပြထားသည့် စာအုပ်

ကြေးမုံဦးသောင်း (အောင်ပလ)

# ဗမာ့ခေတ်မှ ကြေးမုံသို့



အညွန့်ကောင်း

# ကြေးမုံကိုသောင်း နိဒါန်း

(ညိုမြ - ရေးသည် ။)

(၁)

အောင်ဗလ ခေါ် ကိုသောင်းနှင့် ကျွန်တော်တို့ မှာ ဗမာ့ခေတ်တောရကျောင်း၌ လည်းကောင်း၊ အင်းစိန်တောရကျောင်း၌ လည်းကောင်း ကျောင်းထိုင်ခဲ့ကြဖူးဖြင့် ကျောင်းနေဖက်များ ဟု ခေါ်ဆိုနိုင်ပါသည် ။ တက္ကသိုလ်မှာ လိုပင် ကျွန်တော်က အသက်ကြီး ဝါကြီးသော ကျောင်းသားကြီးဖြစ်လျက် ကိုသောင်းက သက်ငယ်ဝါငယ် မောင်သစ်လွင်သဘောမျိုး ဖြစ်သော်လည်း ထိုတောရကျောင်းထွက်များ အဖြစ်ဖြင့်ကား ကျောင်းနေဖက်ပင် ဖြစ်နေပေသည် ။

ကျွန်တော်သည် မြန်မာပြည်၏ ပထမသတင်းစာပညာတော်သင်အဖြစ်ဖြင့် စစ်ကြိုခေတ်က ဗိလပ်သို့ ရွေးချယ်စေလွှတ်ခြင်း ခံရ၏။ ဘိလပ်သို့ ရောက်ချိန်တွင် ဒုတိယကမ္ဘာစစ် ဖြစ်ပွားခဲ့ရာ ကျွန်တော် တက်ရောက်ရမည့် လန်ဒန်ကောလိပ်မှာ စစ်ကိုအကြောင်းပြကာ အကန့်အသတ်မရှိ ပိတ် လိုက်လေသည် ။ ထို့ကြော

င့် အစိုးရက အခြားသတင်းစာသင်တန်းကျောင်းများ ရှာဖွေရာတွင် အမေရိကန်ပြည်၊ ချီကာဂိုမြို့၌ သင့်တော်သော တက္ကသိုလ်တစ်ခု တွေ့ရှိခဲ့၏။

အမေရိကန်ပြည်၌ တက္ကသိုလ်ပေါင်း ၂၀၀၀ ကျော်ရှိသည့်အနက် တက္ကသိုလ် ၂၀၀ ခန့်တွင် သတင်းစာသင်တန်းများ ပူးတွဲထားရှိပေသည် ။ ယင်းတို့ တါင် (၁) နယူးယောက်မြို့ရှိ ကိုလံဘီယာ တက္ကသိုလ် (၂)ချီကာဂိုမြို့ရှိ အနောက်မြောက်တက္ကသိုလ်နှင့် (၃)မစ်စိုးရီးပြည်နယ် တက္ကသိုလ်တို့ မှာ သတင်းစာသင်တန်းပေးရာ၌ အဆင့်အတန်း အမြင့်ဆုံးဟု နာမည်ကြီးကြ၏။ အစိုးရက ကျွန်တော့်အား ချီကာဂိုမြို့သို့ ပို့ဆောင်ခဲ့ရာ ကျွန်တော်သည် နှစ်နှစ်ကြာသောအခါ အနောက်မြောက် တက္ကသိုလ်မှ သတင်းစာပညာ မဟာဝိဇ္ဇာဘွဲ့ကို ကောင်းစွာ ဆွတ်ခူးနိုင်ခဲ့ပါသည် ။

ကိုသောင်း၏ စာအုပ်အတွက် နိဒါန်းရေးရာတွင် အဘယ်ကြောင့် ကျွန်တော်၏ အကြောင်းအရာများကို တောက်တဲ့ ပမာ ကိုယ်ရည်သွေးနေသနည်းဟု မေးဖွယ် ရှိပါသည် ။ သို့သော် ဆက်ဖတ်ကြပါဟု သာ ပြောလိုပါ၏။

၁၉၄၀ ခုနှစ်က လန်ဒန်မြို့သို့ ကျွန်တော်ရောက်ရှိချိန်တွင် ကျွန်တော် တက်ရောက်ရမည့် တက္ကသိုလ်ကြီး ကျောင်းပိတ်သွားသကဲ့သို့ ၁၉၄၂ ခုနှစ်တွင် ကျွန်တော် သင်းစာဘွဲ့ရရှိကာ ပြည်တော် ပြန်မည်ပြုစဉ် မြန်မာပြည်ကြီးမှာ လည်း ဂျပန်များ လက်အောက်သို့ ကျရောက်ကာ ကျွန်တော့်အဖို့ အိမ်ခြံတံခါး ပိတ်သွားလေတော့သည် ။

အမေရိကန်ပြည်၌ သောင်တင်ကာ တက္ကသိုလ်များ ၌ လည်းကောင်း၊ အစိုးရဌာနများ ၌ လည်းကောင်း လှည့်လည် အလုပ်လုပ်နေခဲ့၏။ အမေရိကန်များက သဘောကောင်းပါသည် ။ ကျွန်တော်က "

ခင်ဗျားတို့ ဆီမှ နေရာတာ ကြာတော့ ပျင်း လာပြီ။ ရွာကို လွမ်းလှပြီး။ ဒါကြောင့် မြန်မာပြည်နဲ့ နီးရာ အရပ်ကို ပို့ပေးစမ်းပါ" ဟု ပန်ကြားရာတွင် အာသံပြည်ရှိ အမေရိကန် စစ်စခန်း၌ ပြန်ကြားရေးအရာရှိအဖြစ် ပို့ဆောင်ခဲ့ပေသည် ။

အိန္ဒိယပြည်၌ တက်ဘုန်းကြီး ဦးသိန်းဖေမြင့်သည် အင်္ဂလိပ်များ နှင့် ပူးပေါင်းကာ 'လေနတ်သား' သတင်းစဉ် ထုတ်ဝေသကဲ့သို့ ကျွန်တော်လည်း အမေရိကန်များ နှင့် ပူးပေါင်းကာ 'လင်းယုန်' သတင်းစဉ်ကို ထုတ်လုပ်ခဲ့ပါသည် ။ လေနတ်သားနှင့်လင်းယုန် နှစ်စောင်စလုံးပင် ဂျပန်ခေတ်အတွင်း မဟာမိတ်လေယာဉ်များမှ ကြဲချပေးသော ရွှေပေလွှာများ ဟု ဆိုရပေမည်။ စစ်အတွင်း အနောက်မဟာမိတ်များ ဘက်သို့ ရောက်ရှိနေသော ကျွန်တော်တို့ အဖို့ လုပ်ကွက်ရှိသလောက် လုပ်ခဲ့ခြင်းပင် ဖြစ်၏။

အဏုမြူဗုံးကြောင့် စစ်ကြီးမှာ လည်း ဒရောသောပါး ပြီးဆုံးသွားပါသည် ။ ကျွန်တော်လည်း အမေရိကန်များ နှင့်အတူ ရန်ကုန်သို့ ပြန်လည်ရောက်ရှိပြီး မကြာမီ အလုပ်မှ နုတ်ထွက်ကာ ကိုသောင်းတို့ ရှိရာ ဗမော်ခေတ်တောရကျောင်းသို့ ရောက်ရှိခဲ့ပါသည် ။ ဗမော်ခေတ်မှ ဉာဏ်ပူဇော်ခမှာ လစဉ်ငွေ ၃၀၀ ကျပ်ဖြစ်လျက် အမေရိကန်များ နှင့်လုပ်စဉ်က စီခဲ့သော လခ ၁၆၀၀ ကျပ်နှင့် အတော် ကွာခြားပေသည် ။ သို့သော် ထိုစဉ်က မြန်မာသတင်းစာလောကတွင် ထိုနှုန်းလောက်သာ တတ်နိုင်ကြသည် မဟုတ်ပါလော။ ထိုမှ တစ်ပါးလည်း ပညာတော်သင်တစ်ဦး၏ တာဝန်နှင့် ဂုဏ်သိက္ခာမှာ ငွေကြေးနှင့် မသက်ဆိုင်ပါချေ။ စာနယ်ဇင်းလုပ်သားတစ်ဦးအနေဖြင့်  ရောက်ရာဘဝမှာ ကောင်းကျိုးပြုရပေမည်။ ရေမြင့်ကြာမြင့် ဟူသကဲ့သို့ ကိုယ့်တိုင်းပြည် ကိုယ့်လူထုနှင့် အတူသာလျှင် အမြဲတစေ မကင်းမကွာဘဲ တက်ခြင်းကျခြင်း ရှိရမည် မဟုတ်ပါ

လော။

***

(၂)

ဗမာ့ခေတ် ဦးအုန်းခင်မှာ စာတတ်ပေတတ် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ကျော်ကြားခဲ့သူ မဟုတ်ပါ။ သို့သော် သူသည် အောက်သက်ကျေသူ ဖြစ်၏။ ပညာရေး၌ လည်းကောင်း၊ စီးပွားရေး၌ လည်းကောင်း ကိုယ့်ထူး ကိုယ်ချွန် တက်လမ်းရှာခဲ့ရာမှ လုပ်ငန်းတစ်ရပ်ကို ကောင်းစွာထူထောင်ကာ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း ချမ်းသာစေသောအဖြစ်ကို စွမ်းဆောင်နိုင်ခဲ့ပေသည် ။ ပဲရော့ ဦးဆံနီသည် လည်းကောင်း၊ ဟံသာဝတီ ဦးညွန့်သည် လည်းကောင်း၊ ဦးညီပု အစရှိသော မြန်မာ အဆွေညီနောင်များ သည် လည်းကောင်း အလားတူလုပ်ငန်းရှင် ကုသိုလ်ရှင်ကြီးများ ပင် ဖြစ်ပေသည် ။

ဦးအုန်းခင်သည် လုပ်ငန်းရှင် တစ်ဦးအနေနှင့် တော်သည် ဟု ပင် ဆိုရပါမည်။ အုပ်ချုပ်ရေး၌ အောက်ခြေသိမ်း စေ့စပ်ကျွမ်းကျင်ကာ တစ်ပြားနှစ်ပြား ခွာယူတတ်ပြီး သူ့ဖို့ အမြတ်များများ ကျန်အောင် လုပ်တတ်ခြင်းကို မဆိုလိုပါ။ ထိုအမြတ်အစွန်းတို့ ကို မက်မောပိုက်ထွေးခြင်းမရှိဘဲ ရံဖန်ရံခါ အရေးကြုံလျှင် အားလုံးစွန့်လွှတ် စွန့်စားနိုင်သော သဘောရှိသူ ဖြစ်၏။ သတင်းစာလောကတွင် သတင်းအမျိုးမျိုး လက်ခံလျက် ဝေဖန်ချက် အဖုံဖုံ ရေးသားရစမြဲဖြစ်ရာ ပြည်သူလူထုနှင့် လည်းကောင်း၊ အစိုးရနှင့်လည်းကောင်း အမှုကိစ္စအမျိုးမျိုး ကြုံတွေ့နိုင်ပေသည် ။ ဗမာ့ခေတ်၌ ကျွန်တော်တို့ ရှိစဉ်က ဦးအုန်းခင်သ

ည် လုပ်ငန်းရှင်အနေဖြင့် အရေးကြီးလျှင် အမြဲပင် သက်လုံကောင်းသူ ဖြစ်ခဲ့ပေသည် ။

သတင်းစာတစ်စောင် ထူထောင်ရာတွင် အယ်ဒီတာဌာနနှင့် အုပ်ချုပ်ရေးဌာနဟု ရှိစမြဲဖြစ်ရာ ကျွန်တော့်အနေဖြင့် အုပ်ချုပ်ရေးဌာနသည် ပို၍ အရေးကြီးသည် ဟု ထင်ပါသည် ။ အယ်ဒီတာလုပ်သူများ မည်မျှတော်စေကာမူ အုပ်ချုပ်ရေးဌာန၌ ပရမ်းပတာ ဖြစ်နေပါက သက်ဆိုးမရှည်နိုင်ပါ။ အုပ်ချုပ်ရေးဘက်၌ ကျွမ်းကျင်တည့်မတ်လျှင်ကား အယ်ဒီတာများ ညံ့ဖျင်းစေကာမူ ပြောင်းလဲ ခန့်အပ်ခြင်းဖြင့် အခန့်ရှည်နိုင်ပါသည် ။ ဦးအုန်းခင်မှာ အုပ်ချုပ်ရေးဘက်၌ ကောင်းစွာ အခြေစိုက်ထူပြီးမှ အယ်ဒီတာကောင်းများ ရှာဖွေကာ သူကိုယ်တိုင်လည်း စာပေဘက်သို့ လိုက်စားခဲ့သူ ဖြစ်၏။

မြန်မာသတင်းစာသမိုင်းကို လေ့လာလျှင်လည်း မြန်မာ့အလင်းတိုက်နှင့် ဟံသာဝတီ (ရန်ကုန်) တိုက်တို့ သည် အုပ်ချုပ်ရေးဘက်ကို အဓိကထားသော စနစ်ရှိသည် ကို အများ သတိပြုမိကြပေမည်။ နိုင်ငံခြားရပ်များ ရှိ သတင်းစာတိုက်များမှာ လည်း အများအားဖြင့် ဤနည်းနှင်နှင်ပင် ဖြစ်ကြ၏။

သို့သော် သူရိယသတင်းစာတိုက်ကို လေ့လာလျှင်ကာ တစ်မျိုးတွေ့ကြရပေမည်။ ဘကြီးဘဘေ အမှူးပြုသော နိုင်ငံရေးခေါင်းဆောင်ကြီးများက သူရိယတိုက်ကို စတင်ထူထောင်ရာ တွင် ထိုပုဂ္ဂိုလ်ကြီးများမှာ ဉာဏ်ပညာ ပြည့်စုံပြီးဖြစ်လျက် စီမံကွပ်ကဲရာ၌လည်း အတွေ့အကြုံများ ခဲ့သူများ ဖြစ်၏။ လုပ်ငန်းရှင်သည် ပညာရှင်လည်း ဖြစ်သောကြောင့် ဘကြီးဘဘေကဲ့သို့သော စွယ်စုံဆရာကြီးများ လက်ထက်တွင် မားမားမတ်မတ် တစ်ဟုန်တည်း တိုးတက်ခဲ့ခြင်း ဖြစ်

ပေသည် ။ အယ်ဒီတာဘက်၌ လည်းကောင်း၊ အုပ်ချုပ်ရေးဘက်၌ လည်းကောင်း ဘကြီးဘဘေကဲ့သို့ နှစ်ဖက်ချွန် နှစ်မျိုးရ စာနယ်ဇင်းသမားများကား ရှာမှ ရှားပေသည် ။

ဗမာ့ခေတ်သတင်းစာတိုက်၌ လုပ်ငန်းရှင် ဦးအုန်းခင်သည် အယ်ဒီတာအမျိုးမျိုး ရှာဖွေအား ကိုးခဲ့ရာမှ အောင်ဗလ ခေါ် ကိုသောင်းနှင့် ကြုံတွေ့ခဲ့သည် မှာ သူတို့ နှစ်ဦးနှစ်ဖက်အတွက် အတော် အဆင်ပြေသည် ဟု ဆိုရပေမည်။ အဘယ်ကြောင့် ဆိုသော် ကိုသောင်းသည် လူပင်ငယ်သော်လည်း ဘကြီးဘဘေ၏ ပါရမီမျိုး ဗီဇပါရှိလျက် အယ်ဒီတာအလုပ်နှင့် အုပ်ချုပ်ရေးတာဝန်များကို ဘာမျှ ဝန်မလေးသလို ခပ်အေးအေး ပူးတွဲဆောင်ရွက်နိုင်သူ ဖြစ်၍ ပေတည်။

ကျွန်တော်သည် သတင်းစာ ပညာတော်သင် ဖြစ်ခဲ့ပါ၏။ နိုင်ငံခြားမှ ဘွဲ့ရခဲ့ပါ၏။ သို့သော် အယ်ဒီတာဌာန၌ သာ ဝါသနာပါလျက် အုပ်ချုပ်ရေးတာဝန်ကို နည်းနည်းမျှ အလိုမရှိပါ။ ငွေလည်း မကိုင်တတ်။ စာရင်းအင်းကိုလည်း မကြည့်ချင်ပါ။ လုပ်ငန်းနှင့်ပတ်သက်သော ကိန်းဂဏန်းနှင့် တိုလီမိုလီ ပြဿနာများမှာ အတွေးသမား၊ အရေးသမား ကလောင်ရှင်အဖို့ ဆူးပြောင့်ခလုတ်များ သာ တည်းဟု ယူဆပါသည် ။ ထို့ကြောင့် ဗမာ့ခေတ်တောရကျောင်း၌ တစ်ဝါဆိုခဲ့ပြီးနောက် အိုးဝေ သတင်းစာတိုက်ကို ကျွန်တော်ကိုယ်တိုင် ဦးစီးထူထောင်သောအခါ တိုးတက်ခြင်းမရှိဘဲ ကြာမြင့်စွာ လုံးလည်လိုက်ခဲ့ခြင်း ဖြစ်ပါသည် ။

အောင်ဗလ ခေါ် ကိုသောင်းကာ အတောင်အတက် မစုံသေး၍ ဗမာ့ခေတ်၌ပင် လေးငါးနှစ်ခန့် ဝါဆိုပြီးမှ တစ်စင်ထောင်သူ ဖြစ်ပါသည် ။ သို့သော် သူကား ဘကြီးဘဘေကဲ့သို့ (နှစ်မျိုးရ အော်ဒီမန်စာချုပ်) ဖြစ်၍ သူထူထောင်သော ကြေးမုံသတင်းစာမှာ စတင်ထုတ်ဝေသည့် နေ့မှ စ၍

တစ်ရှိန်ထိုးတက်ကာ ကောင်းကင်လေမိနေပြီ ဖြစ်ပါသည် ။ ကြေးမုံသည် ကိုသောင်း၏ လက်ထက်၌ လည်းကောင်း၊ ပြည်သူပိုင် လုပ်ပြီးချိန်၌ လည်းကောင်း သူ့မူသူ့ဟန်အတိုင်း ဘယ်သော အခါမှ စောင်ရေကျဆင်းဖွယ် မရှိပါချေ။

ထို့ကြောင့် ကျွန်တော်သည် ဘိလပ်ပြန် သတင်းစာသမားတစ်ဦးအနေဖြင့် ဖြောင့်ချက်ပေးရ သည် ရှိသော် အောင်မြင်သော စာနယ်ဇင်းသမားတစ်ဦး ဖြစ်မြောက်ရန် ဘိလပ်သွားစရာ မလိုပါ။ ဘိုးဝဇီရသည် လည်းကောင်း၊ ဘကြီးဘဘေသည် လည်းကောင်း၊ ကိုသောင်းသည် လည်းကောင်း ပညာတော်သင်များ မဟုတ်ပါ။ လုပ်ငန်းနှင့်ပတ်သက်သမျှ အဘက်ဘက်တွင် စိတ်ဝင်စားမှု၊ လေ့လာမှုသည် အဓိကလိုအပ်သော အရည်အချင်းပင် ဖြစ်ပါသည် ။

***

ဘိလပ်ပြန် သတင်းစာသမား ဖြစ်သော်လည်း အထက်ပါ ခြံပေါက်စွယ်စုံ ဆရာများ လောက် မစွံသည် မှာ ကျွန်တော့်အဖို့ ရှက်ဖွယ်ဖြစ်ပါသည် ။ သို့သော် ကျွန်တော်၏ ဘက်၌ လည်း အလားတူ မစွံသော ပုဂ္ဂိုလ်ကျော်ကြီးများ ရှိနေသဖြင့် အဖော်ကောင်းများ ရရှိနေပါသည် ။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် လည်းကောင်း၊ သခင်ကိုယ်တော်မှိုင်းသည် လည်းကောင်း စာပေဘက်၌ သာ စိတ်ဝင်စားခဲ့ကြပါသည် ။

စာရင်းအင်း ကိန်းဂဏန်းစသော အုပ်ချုပ်ရေး ဗာဟီရများကို လွန်စွာစက်ဆုပ်သော အယ်ဒီတာကြီးများ ဖြစ်ခဲ့ကြပါသည် ။ ထို့ကြောင့်လည်း ထိုဆရာကြီးများမှာ ဘယ်သော အခါမျှ လုပ်ငန်းရှင်၏ စည်းစိမ်မျိုးကို မခံစားရဘဲ ဖြစ်သလို နေထိုင်စခန်းသွားခဲ့ကြပါသည် ။ သူတို့ အနေဖြင့်လည်း တိုင်းပြည်ကို ကျေးဇူးပြုနိုင်ခဲ့ပုံမှာ ကျွန်တော်တို့လို နောက်လူ 'ဝွစာ' များ အတွက် အားတက်စရာပင် ဖြစ်တော့၏။

***

(၃)

ကိုသောင်းသည် အင်္ဂလန်ပြည်တွင် စောင်ရေအများ ဆုံး ထုတ်ဝေရသော 'ဒေလီမီရာ' သတင်းစာကြီးကို အတုယူကာ ကြေးမုံသတင်းစာကို ထုတ်ဝေခဲ့ခြင်း ဖြစ်၏။ ပုံသဏ္ဌာန်၊ အချိုးအစား၊ အထားအသို၊ အတည်းအဖြတ်၊ အထေ့အငေါ့မှ စ၍ အားလုံး ပုံတူပြုလုပ်ခဲ့ပေသည် ။ ထို့ကြောင့်လည်း သပ်ရပ်စင်ကြယ်သော ရှေ့ပြေးသတင်းစာအဖြစ်သို့ ရောက်ခဲ့ပေသည် ။

သို့သော် ကိုသောင်း၏ ကြေးမုံသတင်းစာကို ကျွန်တော် မကြိုက်သော အချက်တစ်ခု ရှိပေသည် ။ ထိုအချက်ကား ဘက်လိုက်ခြင်းပင်တည်း။

ဤခေတ်တွင် ကြီးပြင်းလာသူများ ဖြစ်သည့်အလျောက် လက်ဝဲဘက်ရှင်ကို လိုက်စားကာ အလံဖြူ အလံနီ အငွေ့အသက်မကင်းသော သတင်းစာဖြစ်ခဲ့ပေသည် ။ အရှေ့လက်ဝဲအုပ်စုမှ သတင်းများကို အသားပေးလေ့ရှိပြီး အနောက်လက်ယာအုပ်စု သတင်းများကို အမြီးတပ်ဆင်ခြင်း၊ နှုတ်ခမ်းမွေး ဆွဲထည့်ခြင်း၊ လုံးဝမှောင်ချကာ အမှိုက်ပုံးထဲ ထည့်ပစ်ခြင်းများကို ကြေးမုံက ပြုလုပ်လေ့ရှိခဲ့၏။

သတင်းစာ တစ်စောင်အနေဖြင့် မိမိနှစ်သက်ရာ ဝါဒသဘောတရားကို ဦးစားပေးနိုင်ပါ၏။ သို့သော် ခေတ်ကာလအလျှောက် မိမိတိုင်းပြည်

၏ အခြေအနေအရ လိုအပ်သော ကမ္ဘာ့သတင်း ဗဟု သုတများကိုကား မကွယ်မဝှက် ဟုတ်တိုင်းမှန်ရာ တင်ပြသင့်ပေသည် ။

ကျွန်တော်တို့ မြန်မာပြည်သည် ပဒေသရာဇ်ခေတ်၌ လည်းကောင်း၊ နယ်ချဲ့ခေတ်၌ လည်းကောင်း ကမ္ဘာ့ဗဟု သုတများကို တစ်ကြိမ်တစ်ခါမျှ စုံလင်စွာ လေ့လာခဲ့ဖူးသည် မရှိသေးပါ။ အုပ်စိုးသူများ ၏ မှိုင်းငွေ့အတွင်း၌ပင် ယောင်ဝါးဝါး နေခဲ့ကြရ၏။ လွတ်လပ်ရေး ရရှိချိန်တွင် ကျွန်တော်တို့ အဖို့ ကမ္ဘာ့အခြေအနေ အရပ်ရပ်ကို ယထာဘူတကျကျ ဆည်းပူးလေ့လာကြရန် အချိန် ဖြစ်၏။ ဤသို့ မဆည်းပူး မလေ့လာဘဲ တိုးတက်ဖွံ့ဖြိုးခြင်းဟူ မဖြစ်နိုင်ပါ။

ဂျပန်ပြည်သည် မိဂျီဘုရင်ခေတ် (လွန်ခဲ့သော နှစ်တစ်ရာ)မှ စ၍ ကမ္ဘာ့ရေးရာများကို ဂျပန်တစ်မျိုးလုံး ကြိုးစားလေ့လာကြရာမှ ယခုလို ထိပ်တန်းအဆင့်သို့ ရောက်ခဲ့သည် ။ ရုရှားပြည်၏ အလားတူ ကြိုးပမ်းချက်သည် လီနင်ခေတ်မှ စသည် မဟုတ်ပါ။ ၁၇ ရာစုခေတ်၌ ပီတာဘုရင်ကိုယ်တိုင် ဥရောပတိုက်ကို လှည့်လည်လေ့လာရာမှ စခဲ့ပေသည် ။ အင်္ဂလန်ပြည်သည် ရာဇဝင်တစ်လျှောက်လုံး နိုင်ငံခြားရပ်များမှ မောင်းထုတ်ခံရသော ပညာရှင်ပေါင်းစုံတို့ ကို လက်ခံပြုစုကာ အတတ်မျိုးစုံ ရှာမှီးခဲ့၏။ အမေရိကန်ပြည်သည် လည်း ယနေ့တိုင် လူမျိုးပေါင်းစုံတို့၏ ဗဟု သုတပေါင်းစုံတို့ ထွန်းကားရာ နိုင်ငံအဖြစ် တိုးတက်နေခြင်း ဖြစ်၏။

မြန်မာပြည်နှင့်တကွ လွတ်လပ်ခါစ အာရှ၊ အာဖရိက နိုင်ငံသစ်တို့သည် ကြားနေဝါဒကို ကျင့်သုံးကြခြင်းမှာ လက်ဝဲ၊ လက်ယာ၊ အရှေ့၊ အနောက် အုပ်စုနိုင်ငံအားလုံးနှင့် သင့်မြတ်စွာ ပေါင်းသင်းဆက်ဆံလျက် နှစ်ဖက်စလုံးမှ ဗဟု သုတများကို စုံလင်စွာ ရရှိလို၍ ဖြစ်၏။ ဤသို့

သော အခြေအနေတွင် သတင်းစာများက လွှတ်လပ်ခါစ ကြားနေပြည် သူလူထုကို လက်ဝဲသို့လည်းကောင်း၊ လက်ယာသို့လည်းကောင်း တစ်ဖက်သတ် မိုင်းတိုက် ရိုက်သွင်းသင့်ပါသလော။

မည်သို့ပင်ဖြစ်စေ ကြေးမုံသတင်းစာသည် ကိုသောင်းတို့ လက်ထက်တွင် စောင်ရေအများ ဆုံး သတင်းစာအဖြစ်ဖြင့် လက်ဝဲကို ဘေးတီးပေးခဲ့ရာမှ မြန်မာပြည်သူများ လက်ဝဲမိုင်း မိခဲ့ရလေသည် ။ သတင်းစာဆိုသည် မှာ စောင်ရေများ လေ တာဝန်ကြီးလေဖြစ်သည် ကို သတိပြုသင့်၏။

***

သတင်းစာများကို ပြည်သူပိုင် ပြုလုပ်ချိန်က ကိုသောင်း၏ ကြေးမုံသတင်းစာသည် မြန်မာပြည်တွင် အကြီးဆုံး အကြွယ်ဝဆုံးဖြစ်၍ အစိုးရအဖို့ အတော်အကျိုးများ သည် ဟု ကြားသိရ၏။ ကိုသောင်းအဖို့ ဤဘဝ၌ လူဖြစ်လာရာတွင် ကြီးကျယ်ဖွံ့ဖြိုးသော လုပ်ငန်းကြီးတစ်ခုကို ဖန်တီးကာ ပြည်သူအစိုးရလက်သို့ အပ်နှံနိုင်ခဲ့သည် မှာ ကျေနပ်ဖွယ် ဖြစ်၏ ။ သူသည် ‘ဆန်ကုန် မြေလေး’ စာရင်းဝင်တစ်ဦး မဟုတ်တော့ချေ။ သူ့ဘဝ၌ အဓိပ္ပာယ်ရှိသည် မှာ ထင်ရှား၏။

သူသည် ကြေးမုံသတင်းစာကို ဦးစီးထုတ်လုပ်စဉ်က လခနှင့် အရပ်ရပ် ဝင်ငွေပေါင်း ၃ဂဂဝိ ကျော်ရရှိခဲ့ရာမှ အင်းစိန်တောရကျောင်း၌ ဝါ

ဆိုပြီးချိန်တွင် လခ ၃၀ဝိ ခန့်နှင့် ဘဝ ပြန်လည်ထူထောင်ရေး လုပ်ခဲ့ပေသည် ။ ဤအချက်မှာ သူ့ကို သနားစေလို၍ ဖော်ပြခြင်း မဟုတ်ပါ။ ကျွန်တော်လည်း အမေရိကန်ရုံးမှ အလုပ်ထွက်ကာ ဗမာ့ခေတ်သို့ ရောက်ချိန်က အလားတူ ဒိုင်ဗင်ထိုးခဲ့သည် မဟုတ်ပါလော။ ဤကား သတင်းစာလောက၌ လုပ်ရိုးလုပ်စဉ် တစ်ရပ်ဟူ၍ သာ မှတ်ယူသင့်၏။

သတင်းစာလောက၌ စည်းမျဉ်းရေးဆွဲပြီး အတည်တကျ မရှိသော်လည်း စာနယ်ဇင်းသမားတိုင်း သူ့စည်းကမ်းနှင့်သူ ကျင့်သုံးဆောက်တည်လျက် ရှိကြသည် သာတည်း။

**ညိုမြ**

# အမှာ တို

သက်ရှိသူကို ကိုယ်ပွားဖန်တီးကာ တတိယလူ၏ အမြင်ဖြင့် ရေးသားထားသော်လည်း ဤစာအုပ်ပါအချက်များ သည် အဖြစ်မှန်များ သာဖြစ်ပါသည် ။

သို့သော် မှတ်သားမှု ချွတ်ယွင်းခြင်း၊ မေ့လျော့ခြင်းတို့ ကြောင့် ရက်စွဲ၊ တန်ဖိုး စသော ဂဏန်းများ လွဲမှားမှု ရှိကောင်းရှိနိုင်ပါ၏။

စာအုပ်ရေးရာ၌ ပြက္ခဒိန်သဘော မည်သည့်လ၌ မည်သည့်ဖြစ်သည် ၊ မည်သည့်လ၌ မည်နှယ် ဖြစ်သည် ဟု အချိန်ကာလ အဆင့်ဆင့်ရေးသော နည်းကို မသုံးပါ။ အကြောင်းအရာများကို မူတည်၍ ရေးပါသည် ။ အကြောင်းအရာတခုခု အကြောင်းများကို စုပေါင်းရေးပါသည် ။ အချိန်ကာလမတူ ကွဲပြားပြီး အကြောင်းခံတူများကိုစု၍ ရေးသောကြောင့် ရံဖန်ရံခါ၌ အချိန်ကာလများ 'ခုန်'နေပါ မည်။ 'ထပ်' သည့် အကြောင်းအရာများ လည်း ရှိနိုင်ပါသည် ။ သို့သော် အကြောင်းတူစု၍ ရေးသား နည်းကို သုံးပါက ဤချွတ်ယွင်းမှုကလေးများကို ရှောင်၍ မရပါ။

**စာရေးသူ**